# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်ထောင်စုဝန်ကြီးရုံး
## အမိန့်ကြော်ငြာစာ

အမှတ်၊ ၃၆ /၂၀၁၇

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၄ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၁-၄-၂၀၁၇ ရက်နေ့မှစတင် အကျိုးသက်ရောက်စေရမည့် ပင်ရင်းမှဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၁၇ ကို ၁၀-၁-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ အခွန်ထမ်းကိုယ်တိုင် ကျသင့်အခွန်ကို ကိုယ်တိုင်စည်းကြပ်ပေးဆောင်စေခြင်း အခွန် စနစ်သစ်တွင် ပါဝင်ကြသည့် အခွန်ထမ်းကြီးများ၊ အလယ်အလတ်အခွန်ထမ်းများအနေဖြင့် အခွန်နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြသူများဖြစ်ပါသဖြင့် လည်းကောင်း၊ လုပ်ငန်းကြီးများ ဖြစ်ကြသည်နှင့် ပေးချေငွေအများအပြား ဆောင်ရွက်ကြလေ့ရှိရာ ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်နှင့်စပ်လျဉ်း၍ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးအတွက် ဖြေလျော့မှု ဆောင်ရွက်ပေးသင့်ကြောင်း သုံးသပ်ရရှိပါသဖြင့်လည်းကောင်း အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၇ ၏ အပိုဒ် ၆၊ အပိုဒ်ခွဲ (က) တို့ကို အောက်ပါအတိုင်း အစားထိုးပြင်ဆင် သတ်မှတ်လိုက်သည်-

"(က) ငွေထုတ်ပေးရန်တာဝန်ရှိသူသည်-

(၁) အခွန်ထမ်းကိုယ်တိုင် ကျသင့်အခွန်ကို ကိုယ်တိုင်စည်းကြပ်ပေးဆောင်စေခြင်း အခွန်စနစ်သစ်တွင် ပါဝင်ကြသည့် အခွန်ထမ်းကြီးများ၊ အလယ်အလတ်အခွန်ထမ်းများ၏ လုပ်ငန်းကဖြစ်ပါက စုစုပေါင်း ပေးချေငွေ ကျပ် ၁၅ သိန်းအထိ အခွန်နုတ်ယူပေးသွင်းခြင်းမပြုရ၊ စုစုပေါင်း ပေးချေငွေသည် ကျပ် ၁၅ သိန်း ထက် ကျော်လွန်ပါက ပေးချေငွေအားလုံးအပေါ်တွင် သက်ဆိုင်ရာ အခွန်နှုန်းဖြင့် နုတ်ယူပေးသွင်းရမည်။

(၂) အထက်အပိုဒ်ခွဲ(၁)ပါ လုပ်ငန်းများမှအပ ဖြစ်ပါက စုစုပေါင်းပေးချေငွေကျပ် ၅ သိန်း အထိ အခွန်နုတ်ယူပေးသွင်းခြင်းမပြုရ၊ စုစုပေါင်းပေးချေငွေသည်

ကျပ် ၅ သိန်း ထက် ကျော်လွန်ပါက ပေးချေငွေ အားလုံးအပေါ်တွင် သက်ဆိုင်ရာအခွန်နှုန်းဖြင့် နုတ်ယူပေးသွင်းရမည်။"

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

ကျော်ဝင်း
ပြည်ထောင်စုဝန်ကြီး

---ooo---

စာအမှတ်၊ စဘ / ဘဏ္ဍာ-၁/၃/၁ (၂၃၂၅၂၀၁၇)
ရက် စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဧပြီ လ ၄ ရက်
<u>ဖြန့်ဝေခြင်း</u>
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဖွဲ့ရုံးများအားလုံး
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
ပြည်တွင်းအခွန်များဦးစီးဌာန

ဤဝန်ကြီးဌာနရှိ ကျန်ဌာနအဖွဲ့အစည်းများအားလုံး
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေငြာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။
ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

အမိန့်အရ

4/4/2017

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(ထွန်းထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန်)